# ဘာကြောင့် ရေမြင်းမှာ အမွေးမရှိရတာလဲ။

Basilio Gimo, David Ker
Carol Liddiment
Naw Thazin Hpway
2
မြန်မာဘာသာ my

တစ်နေ့မှာ ယုန်လေးဟာ မြစ်ကမ်းနာတစ်လျှောက် လမ်းလျှောက်လာပါတယ်။

ရေမငြိုးလည်း အဲ့ဒီနားမှာဘဲ လမ်းလျှောက်ရင် စိမ်းပြီး ကောင်းမွန်တဲ့ မကြက်ပင်တွေကို စားနေပါတယ်။

ရေမင်းဟာ ယုန်ကိုမမြင်ဘဲနဲ့ ယုန်ရဲ့ခြေထောက်ကို မတော်တဆ နင်းမိသွားပါတယ်။ ယုန်က ရေမင်းကို “ရေမင်း၊ ခင်ဗျားကျွန်တော့်ရဲ့ ခြေထောင်ကို နင်းမိတာ မသိဘူးလား” လို့ အာခေါင်ခြစ်အော်ပါတယ်။

ရေမင်ြးက ယုန်ကို “ကျွန်မတောင်းပန်ပါတယ်။ ကျွန်မ ရှင့်ကို မမင်ြလိုက်လို့ပါ။ ကျွန်မကို ခွင့်လွှတ်ပေးပါ” လို ပြောပါတယ်။ ဒါပေမယ့် ယုန်ကနားမထောင်ဘဲ “ခ င်ဗျားရည်ရွယ်ချက်ရှိရှိနဲ့လုပ်တာ၊ တစ်နေ့ ခင်ဗျား တွေ့မယ်။ ခင်ဗျားပြန်ပေးဆပ်ရမယ်” လို့ အော်ပြော ပါတယ်။

ယုန်ဟာမီးကိုရှာပြီး“သွား ရေမငြိး ရေကနေထွက်လာပြီးမကြာ်စားတာနဲ့ မီးနဲ့ ရှို့လိုက်။ သူက ငါ့ကို နင်းတယ်” လို့ပြောလိုက်ပါတယ်။ မီးက “ကိစ္စမရှိဘူး ငါ့သူငယ်ချင်းယုန်။ ခင်ဗျားပြောသလို ကျွန်တော်လုပ်ပေးမယ်” ဆိုပြီးပြန်ဖြေလိုက်ပါတယ်။

အဲ့ဒီနောက် ရေမြင်းဟာ မြက်စားဖို့အတွက် မြစ်ကနေ ထွက်လာတဲ့အခါမှာ “ဝုရှ်” ဆိုပြီးတော့ မီးဟာ မီးတောက်တွေနဲ့ သူ့ကိုလောင်ကျွမ်းသွားပါတယ်။ အဲ့ဒီမီးတောက်တွေဟာ ရေမြင်းရဲ့ အမွှေးတွေကို လောင်ကျွမ်းစေလိုက်ပါတယ်။

ရေမြင်းဟာ စတင်ငိုကြွေးပြီး ရေထဲကိုပြေးသွားပါတယ်။ သူ့ရဲ့အမွှေးတွေအကုန် မီးလောင်သွားပါတယ်။ ရေမြင်းက “ငါ့ရဲ့အမွေးတွေ မီးနဲ့လောင်ကျွမ်းကုန်ပြီ။ ငါ့ရဲ့အမွှေးတွေ အကုန်ကုန်ပြီ။ ငါ့ရဲ့ အရမ်းလှတဲ့ အမွှေးတွေ” ဆိုပြီးဆက်ငိုနေပါတယ်။

ရေမြင်းရဲ့ အမွှေးတွေ မီးလောင်ကျွန်လို့ ယုန်က ပျော်ရွှင်နေပါတယ်။ အဲ့ဒီနေ့ကစပြီးတော့ ရေမြင်းဟာ မီးကိုကြောက်ပြီးရေထဲကနေ ဘယ်တော့မှဝေးဝေးမ သွားတော့ပါဘူး။

# Global Storybooks

globalstorybooks.net

## ဘာကြောင့် ရေမြင်းမှာ အမွှေးမရှိရတာလဲ။


Basilio Gimo, David Ker

Carol Liddiment

Naw Thazin Hpway


CC BY